Google ရဲ့ Search ကို ဘယ်လို အကျိုးရှိရှိ သုံးမလဲ ?

Google အသုံးပြုသူများအားလုံး သိသင့်သိထိုက်သော အချက်အလက်များ ဖြစ်ပြီး Google ၏ Search အကူအညီဖြင့် ဘာတွေပြုလုပ်သင့်သည် ၊ ဘာတွေပြုလုပ်နေကြသည်ကို ဖေါ်ပြပေးသွားမှာ ဖြစ်ပါတယ် ။

Google ဘာကြောင့် နာမည်ကြီးပါသလဲ ? ထိုကဲ့သို့ နာမည်ကြီးရခြင်းမှာ ခိုင်လုံသော အကြောင်းပြချက်များစွာ ရှိနိုင်ပါတယ် ။ ဒီနေရာမှာ Google ရဲ့ Search ကို ဘယ်လိုအသုံးချသင့်သလဲ ၊ ဘယ်လိုအသုံးချရမည်လဲ သိသောသူများ အတွက် ဆိုလျှင် တကယ်ပဲ Google သည် မရှိမဖြစ်အရေးပါသော အရာတစ်ခုပင် ဖြစ်ပါသည် ။

ထင်ပေါ်ကျော်ကြားသော အရာတိုင်း၏ နောက်ကွယ်တွင် တခြားအရာများထက် ထူးကဲသော အချက်များကို ထည့်သွင်း ပေါင်းစပ်ပေးထားလေ့ရှိပါသည် ။

ထို့ကြောင့် Google ကို အသုံးပြုသူများ အားလုံး General User ပုံစံမျိုး အသုံးပြုနေခြင်းထက် Google ၏ ထူးခြားသော Searching ပုံစံများကို လေ့လာနိုင်ရန် တင်ပြပေးလိုက်ပါတယ် ။ ကျွန်တော်သိထားသော Google ၏ Features များထဲမှ အချို့ကိုသာ တင်ပြပေးထားတာ ဖြစ်ပါတယ် ။

ကျွန်တော်တင်ပြမည့် Google ၏ ထူးခြားသော အချက်များ -

- I’m Feeling Lucky
- Weather Information
- Stock Quotes
- Time
- Calculator
- Converter
- Synonyms Search
- Dictionary
- Spelling Checker
- Currency Converter စသည်တို့ကို ဖေါ်ပြပေးမှာ ဖြစ်ပါတယ် ။

I’m Feeling Lucky

ခေါင်းစဉ်က တကယ်ပင် စိတ်ဝင်စားစရာ ကောင်းပါသည် ။ သာမန် Search Button ကို အသုံးပြုခြင်းမျိုး မဟုတ်ပဲ မိမိရှာလိုသော အကြောင်းအရာကို I’m Feeling Lucky ဆိုသော Button ကို နှိပ်ကာ ရှာဖွေပါ ။

အကျိုးကျေးဇူး ။ ။ ကျွန်တော်တို့ ရှာလိုက်သော စာသားပါ သက်ဆိုင်ရာ အကြောင်းအရာ ကို ပထမဆုံး Web Page အဖြစ် တိုက်ရိုက် တွေ့မြင်နိုင်သည် ။

Weather Information ( ရာသီဥတု အခြေအနေ )

မိမိရှာလိုသော မြို့နယ် ၊ တိုင်းပြည် ၊ Zip Code တို့၏ ရှေ့တွင် weather ဆိုသော စကားလုံးကို ထည့်သွင်းရှာဖွေခြင်းဖြင့် ကျွန်တော်တို့ သိလိုသော ရာသီဥတု ဆိုင်ရာ သတင်းအချက်အလက်များကို ရှာဖွေပေးခြင်းဖြင့် Google က ဝန်ဆောင်မှု ပေးမှာပါ ။



Stock Quotes

Company တစ်ခု ၏ ဈေးကွက်အခြေအနေ ၊ ရန်ပုံငွေ လည်ပတ်ပုံ စနစ် စသည်တို့ကို ရှာရန် အဆိုပါ Company ၏ Symbol ကို တိုက်ရိုက် ရှာဖွေခြင်းဖြင့် အဆိုပါ Company ၏ အသေးစိတ် လည်ပတ်နေသော စနစ် ဆိုင်ရာ အချက်အလက်များကို အချိန်တိုအတွင်း သိရှိစေရန် Google က ဝန်ဆောင်မှု ပေးမှာပါ ။



Time ( အချိန် )

မိမိရှာလိုသော မြို့ ၊ တိုင်းပြည် စသည်တို့၏ရှေ့တွင် Time ဟူသော စကားလုံးကို ထည့်သွင်း ရှာဖွေပါ ။



Calculator ( တွက်ချက်မှု ဆိုင်ရာများအတွက် )

ရှုပ်ထွေးသော အတွက်အချက်အပိုင်းဆိုင်ရာများ အတွက် Google ရဲ့ Calculator က သင့်ရဲ့ အခက်အခဲများကို အချိန်ပိုင်းအတွင်း ဖြေရှင်းပေးခြင်းဖြင့် ဝန်ဆောင်မှု ပေးမှာပါ ။



Converter ( ယူနစ် ပြောင်းလဲပေးသော စနစ် )

အတိုင်းအတာ Units များ ၏ ပတ်သက် ဆက်နွယ်ပုံကို ရှာဖွေရန်အတွက် Google ရဲ့ Search Box ကို အမြဲ သတိယပါ ။



Synonyms Search

အကြောင်းအရာ တစ်ခုအား ရှာဖွေရာတွင် ယေဘုယျ ရှာဖွေခြင်းမျိုးမဟုတ်ဘဲ အတွင်းကျကျ အသေးစိတ်သိလိုသော အခါ မိမိရှာလိုသည့် စာသား ၏ ရှေ့တွင် " ~ " ကို ထည့်ပေးပါ ။






Dictionary （အဘိဓာန်）

Google ကို Dictionary သဖွယ် အသုံးပြုလိုပါက ရှာလိုသော စာသား ၏ ရှေ့တွင် Define ဆိုသော စာသားကို ထည့်သွင်း ရှာဖွေပါ ။ Define စာသားရဲ့ ကျေးဇူးကြောင့် သတ်မှတ်ချက်ကို အတိအကျ ရှာဖွေပေးရင်း Google က ဝန်ဆောင်မှု ပေးမှာပါ ။






Spelling Checker

ကျွန်တော်တို့ Google မှာ ရှာလိုက်တဲ့ စာလုံးပေါင်းသတ်ပုံ မှားယွင်းနေခြင်းမျိုးအတွက်လည်း Google မှာ ပါဝင်တဲ့ အလိုလျောက် သတ်ပုံစစ်ပေးတဲ့ စနစ်က ကျွန်တော်တို့ကို ကူညီရင်း ဝန်ဆောင်မှု ပေးမှာပါ ။



Currency Converter

ဒီတစ်ခုကတော့ အားလုံးပဲ စိတ်ဝင်စားနိုင်တဲ့ အရာတစ်ခု ဖြစ်မှာပါ ။ ငွေကြေးစနစ်တွေရဲ့ အပြောင်းအလဲ ကွာခြားချက်တွေကို အချိန်နဲ့တပြေးညီ ဖေါ်ပြပေးရင်း Google က ဝန်ဆောင်မှုပေးမှာပါ ။




ကဲ အားလုံးပဲ Google ရဲ့ Features တွေကို အကျိုးရှိရှိ သုံးနိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ် ။

ပြည့်ဖြိုးမောင်မောင်

B.C ( Tech ) ( Hons : )  ,, MCTS , MCPD .

Email : stringlive@gmail.com

Web Site : http://myanmaraspnet.multiply.com